ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဦးစည်သူနောင်

လက်ထောက်နည်းပညာမှူးအမည် - ဒေါ်ဟေမာန်ဆောင်း


တော်ပွန်ကျေးရွာအုပ်စု၊ တော်ပွန်ကျေးရွာ ၂၀၁၇ ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ..... 5

၂။ တော်ပွန်ကျေးရွာတည်နေရာပြမြေပုံ ..... 6

၃။ တော်ပွန်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... 8

၄။ ကျေးရွာအခြေခံအချက်အလက်များ ..... 9

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား . 10

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ..... 12

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... 20

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ..... 21

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ..... 22

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ..... 25

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ..... 26

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ..... 27

၁၃။ အစည်းအဝေးမှတ်တမ်းများ ..... 28

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ..... 29

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ..... 29

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ..... 30

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ


MIMU
Myanmar Information Management Unit
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Taw Pun
Nat Hmaw
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ တော်ပွန်ကျေးရွာတည်နေရာပြမြေပုံ



## တော်ပွန်ကျေးရွာ၏နောက်ခံသမိုင်း

တော်ပွန်ကျေးရွာသည် ချောင်းဆုံမြို့နယ်၏ အနောက်မြောက်ဖက်တွင်တည်ရှိပြီး ချောင်းဆုံမြို့မှ (5) မိုင်ခွဲခန့်ဝေးကွာသည့် ပင်လယ်ကမ်းခြေရွာဖြစ်ပါသည်။ တော်ပွန်ဟုခေါ်တွင်ရခြင်းမှာ တော် = ကုန်း၊ ပွန် = လိမ်ကောက်ခြင်း (သို့မဟုတ်) လိမ်ပင်ရှိသောနေရာ။ (လိမ်ပင်ရှိသောကုန်း) ဟုအဓိပ္ပါယ်ရပါသည်။

၄င်းကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (210) ကျော်ကတည်းက တည်ရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (150) ကျော်ခန့်မှစ၍ပင် အလွန်စည်ကားသော ပင်လယ်ကမ်းခြေရွာတစ်ရွာဖြစ်ပြီး လူဦးရေအများအပြားနေထိုင်ခဲ့ကြသည်။ ကုန်လွန်ခဲ့သည့် နှစ်ပေါင်း (90) နောက်ပိုင်း ပင်လယ်ကမ်းခြေမြေပြိုခြင်း၊ သောင်းကျန်းသူများကြီးစိုးစဉ်က ဓါးပြတိုက်ခြင်းတို့ကြောင့် ရွာအတွင်းတွင်နေထိုင်သူများသည် လုံခြုံရေးစိတ်မချရခြင်းကြောင့် ရွာလွတ်ကျေးရွာ၊ ကလော့ကျေးရွာ၊ အပြိုင်ကျေးရွာနှင့် ချောင်းဆုံတိုးချဲ့ရပ်ကွက်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ယခုအခါ အိမ်ခြေ (21) သာကျန်ရှိတော့သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် နွေရာသီတွင် သွားလာရအဆင်ပြေသော်လည်း မိုးရာသီတွင် ရေလမ်းခရီးကိုသာအသုံးပြုရပြီး အသွားအလာခက်ခဲသည်။ မွန်လူမျိုးနှင့် ကရင်လူမျိုးများ နေထိုင်ကြပါသည်။

အဓိကစီးပွားလုပ်ငန်းမှာ ပင်လယ်ငါးဖမ်းခြင်း၊ လယ်ယာလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ကြုံရာကျဘမ်းအလုပ်များလုပ်ကိုင်စားသောက်ခြင်းနှင့် အချို့မှာ တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်း စသဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသူများသည်လည်း ပင်လယ်ရေငန်များ ဝင်ရောက်ခြင်းကြောင့် လယ်ယာပျက်စီးခြင်းများ ကြုံတွေ့ကြရသည်။ ကမ်းပါးပြိုကျခြင်း၊ ရေလွှမ်းခြင်းများ၊ နွေရာသီသောက်သုံးရေ ရှားပါးခြင်းကြောင့်လည်း သောက်သုံးရေကိုဝေးလံစွာခပ်ယူနေကြရသည်။ ကျေးရွာအတွင်းတွင် ကျန်းမာရေးဆေးပေးခန်းမရှိခြင်းကြောင့်လည်း ကျန်းမာရေးကိစ္စရပ်များပေါ်ပေါက်လာပါက အခြားဒေသများသို့သွားရောက် ကုသကြရသည်။ မိုးရာသီတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ကျန်းမာရေးကိစ္စများပေါ်ပေါက်လာပါက ပိုမိုခက်ခဲပါသည်။

ကျေးရွာလူထုနှင့် ဆွေးနွေးချက်အရ ပိုးထိခြင်း၊ အရေးပေါ်မီးဖွားရန်ခက်ခဲသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများမြို့တက်ဆေးကုသရာတွင် လမ်းပိုင်း၌ပင် အသက်ဆုံးရှုံးခဲ့သည့် အခြေအနေအနည်းရှိခဲ့ကြောင်းသိရှိခဲ့ရသည်။ ကျေးရွာလူထုများအနေဖြင့် အဓိကလိုအပ်ချက်မှာ လမ်းဖြစ်ကြောင်းနှင့် ၄င်းတို့ကျေးရွာအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်လာပါကအနီးအနားကျေးရွာများနှင့် ချောင်းဆုံမြို့ပေါ်သို့အသွားအလာအဆင်ပြေ၍ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ အဆင်ပြေချောမွေ့လာမည်ဟု ၄င်းတို့အနေဖြင့် ယုံကြည်ကြသည်။

၄င်းတို့၏အဓိကစိုးရိမ်ပူပန်မှုမှာ မိုးရာသီတွင် ကမ်းပြိုခြင်း၊ ပင်လယ်ရေလွှမ်းခြင်းနှင့် စူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြုံလာမည်ကို စိုးရိမ်ကြကြောင်းဆွေးနွေးကြသည်။ တစ်အိမ်နှင့်တစ်အိမ်၊ တဲတစ်လုံးနှင့်တစ်လုံး တစ်စုတစ်စည်းတည်းမရှိဘဲကွာဝေးလှခြင်း၊ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပင်လယ်ထွက်ငါးရှာဖွေဖမ်းယူရပါသည်။ အမျိုးသမီးအများစု PRA တွင်ဆွေးနွေးချက်အရ အမျိုးသမီးများ ပင်လယ်ထွက်ငါးဖမ်းခြင်းအလုပ်အား မလုပ်လိုကြောင်း၊ ကုန်းပေါ်တွင်သာအလုပ်လုပ်လိုကြောင်း ဆွေးနွေးကြသည်။

ကျေးရွာ၏ထူးခြားမှုတစ်ခုမှာ တော်ပွန်ကျေးရွာသည် ပင်လယ်ကမ်းပါးပြိုကျမှုကြောင့်ရွာပျက်စီးသွားခဲ့သော်လည်း ရွာရှိစေတီနှင့်ဘုန်းတော်ကြီးကျောင်းမှာ မပြိုဘဲကျန်ရှိနေခြင်း၊ သဘာဝအရင်းအမြစ်အဖြစ် ဒီရေတောနှင့်ပင်လယ်ကိုပိုင်ဆိုင်ထားခြင်း စသည်တို့မှာ ၄င်းကျေးရွာ၏ ထူးခြားချက်ပင်ဖြစ်သည်။

## ၃။ တော်ပွန်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| တော်ပွန်ကျေးရွာအုပ်စု | တော်ပွန်ကျေးရွာ |
| | တော်ကမာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

| | |
|---|---|
| ကျေးရွာအမည် | - တော်ပွန်ကျေးရွာ |
| ကျေးရွာအုပ်စုအမည် | - တော်ပွန်ကျေးရွာအုပ်စု |
| ကျေးရွာသက်တမ်း | - 210 နှစ် |
| လူဦးရေ | - ကျား - 68၊ မ 63၊ စုစုပေါင်း 131 ဦး |
| အိမ်ထောင်စု | - 21 စု |
| တိုင်းရင်းသားလူမျိုးစု | - မွန်လူမျိုး (96) ဦး၊ ကရင်လူမျိုး (35) ဦး |
| ထိခိုက်လွယ်သောအုပ်စု | - သက်ကြီး (16) ဦး၊ မြေယာမဲ့ (5) ဦး၊ မသန်စွမ်း (3) ဦး |
| ကျန်းမာရေးဆေးပေးခန်း | - မရှိ |
| ပညာရေးအဆောက်အဦး | - အ.မ.က ကျောင်း |
| လူမှုရေးအဆောက်အဦး | - ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် စေတီ (၁) ဆူ |
| အဓိက စီးပွားရေးလုပ်ငန်း | - လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ ကျဘမ်းလုပ်ငန်း |
| အဓိက ပိုင်ဆိုင်မှု | - လယ်ယာမြေ၊ ဒီရေတော၊ ပင်လယ်ငါးဖမ်းလှေငယ်။ |
| သဘာဝအရင်းအမြစ် | - ပင်လယ်၊ ဒီရေတော၊ ငါးဖမ်းလုပ်ငန်း |


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 15.1.2017 | ကျေးရွာလူထု | 5 | 13 | 18 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking) | 15.1.2017 | ကျေးရွာလူထု | 5 | 13 | 18 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင်ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေအနေ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 15.1.2017 | ကျေးရွာလူထု | 5 | 13 | 18 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်းဆောင်တာများ၊ အသက်မွေးဝမ်းကြောင်းမှု အပြောင်းအလဲများကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 16.1.2017 | ကျေးရွာလူထု | 7 | 12 | 19 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 16.1.2017 | ကျေးရွာလူထု | 7 | 12 | 19 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ပြဿနာသစ်ပင် (Problem Tree) | 16.1.2017 | ကျေးရွာလူထု | 7 | 12 | 19 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကြုံတွေ့နေရသည့် လိုအပ်ချက် များ၊ အခက်အခဲများ၊ ပြဿနာ များအား အကြောင်း၊ အကျိုး ဆက်စပ်ဖြစ်တည်နေသည့် သဘောသဘာဝအား ပြဿနာသစ်ပင်နည်းလမ်းအား အသုံးပြု၍ဆွေးနွေးခြင်း။ |
| ၇ | ကျေးရွာ၏ (၅) နှစ်စာဦးစားပေးအစီအစဉ်ပြ ဇယား (Metric Ranking) | 16.1.2017 | ကျေးရွာလူထု | 7 | 12 | 19 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လက်ရှိကြုံတွေ့နေရ သည့်အခက်အခဲ၊ ပြဿနာများ မှ နောင်လာမည့် (၅) နှစ်အ တွင်းမိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးလာမည့်အသီးအပွင့်များ ကို မိမိတို့ကိုယ်တိုင် သိမြင်လာ စေရန်နှင့် ကြိုတင်အစီအစဉ်ချ ရေးဆွဲ၍ ဦးစားပေး အစီအစဉ် အလိုက်လုပ်ဆောင်နိုင်ရန် (အနာဂတ်ရူပါရုံ) ဆွေးနွေးခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**တော်ပွန်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ပွန်ကျေးရွာအုပ်စု၊ တော်ပွန်ကျေးရွာတွင် အိမ်ထောင်စု (21) စုရှိပြီး မွန်လူမျိုးစုများနှင့် ကရင်လူမျိုးစုများ နေထိုင်ကြပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ကျဘမ်းလုပ်ငန်းများဖြင့် အသက်မွေးကြသည်။

ကျေးရွာအတွင်းတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စေတီတစ်ဆူ နှင့် အ.မ.ကကျောင်း (၁) ကျောင်းမှလွဲ၍ မည်သည့် အခြေခံအဆောက်အဦးမျှမတွေ့ရှိရပါ။

အဓိကလမ်းမကြီးမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်သွားလာရခက်ခဲသည်။ ကျေးရွာအတွင်းတွင် အခြေခံအဆောက်အဦ လိုအပ်ချက်အမြောက်အများလိုအပ်နေသေးကြောင်းသိရသည်။


**၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇယားကားချပ်**



### တော်ပွန်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

တော်ပွန်ကျေးရွာအတွင်းတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့်အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့၊ အရံမီးသတ်အဖွဲ့တို့ဖြစ်ကြပြီး ကျေးရွာပြင်ပမှအဖွဲ့အစည်းများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမာအသင်း၊ ဆည်မြောင်းအဖွဲ့များသည်လည်း တော်ပွန်ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများဖြစ်ကြောင်းသိရသည်။ သို့ရာတွင်လည်း တော်ပွန်ကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးတည်ဆောက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အဦများ လုံလောက်မှုမရှိသေးဘဲ လိုအပ်ချက်အများအပြားရှိပြီး ဖွံ့ဖြိုးမှု အလွန်နိမ့်ကျနေသေးသည့် ကျေးရွာတစ်ရွာအဖြစ်ရှိနေဆဲဖြစ်ကြောင်းသိရသည်။

### ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း


တော်ပွန်ကျေးရွာ

16.1.2017

ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်ပုံစံ

| အမျိုးအစား | စံသတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| က။ | ပျဉ်ထောင်အိမ်, သွပ်မိုး, လယ် ၂၀ ဧက နှင့်အထက်, နွား ၅ ကောင်နှင့်အထက်, TV, စလောင်း, ငါးဖမ်းစက်လှေငယ်, လယ်ထွန်စက်, ဆိုင်ကယ် | ၁ | |
| ခ။ | ကျွဲထရံကာ ထက်မိုး ပျဉ်ခင်းအိမ်, ကုန်စုံဆိုင်ငယ်, လယ် ၃ ဧကခန့် ရှိခြင်း, ဆိုင်ကယ်, နွား ၂ ကောင်, ဝက်, ကြက် မွေးမြူခြင်း | ၂ | |
| ဂ။ | ထက်မိုး ဝါးခင်း ကျွဲထရံကာ, ဝါးကာ, ဝက်မွေး, ရေလုပ်သား, နေ့စား အလုပ်သမား | ၁၂ | |
| ဃ။ | တဲအိမ် (ထက်မိုး ထက်ကာ ဝါးခင်း) ယှဉ်သည့် ပိုင်ဆိုင်မှုမရှိခြင်း, ကျပန်း, နေ့စားလုပ်သား | ၆ | |

ဦးဆောင်ဆွေးနွေးသူ- ဦးစည်သူအောင် (CF)

### တော်ပွန်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်


တော်ပွန်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (21) စုရှိပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့်ကျဘမ်းလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။

အိမ်ထောင်စုစုပေါင်း၏ (1) စုတည်းသာလျှင် အဆင့် (A) တွင်ရှိပြီး (B) တွင် (2) စု (C) အဆင့် တွင် (12) စုနှင့် (D) အဆင့်တွင် (5) စုရှိကြောင်း ကျေးရွာလူထုများ၏ ဆွေးနွေးချက်များအရ တွေ့ရှိရ သည်။

အဆင့် (C) တွင်ရှိသော အိမ်ထောင်စုစုပေါင်း (12) စုတွင် အမျိုးသမီးဦးဆောင်သော အိမ် ထောင်စု (2) စုရှိနေပြီး အဆင့် (D) တွင်ရှိသော အိမ်ထောင်စု (5) စုတွင်မှု အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (1) စုရှိကြောင်းတွေ့ရှိရပါသည်။

၎င်းကဲ့သို့ ကျေးရွာအတွင်း မပြေလည်သည့်အိမ်ထောင်စု များနေရခြင်းမှာ လယ်ယာစိုက်ပျိုး ရေးတွင် ခေတ်မီနည်းပညာများကိုနားမလည်ခြင်း၊ အသုံးမချနိုင်ခြင်း၊ မိရိုးဖလာအရသာလုပ်ကိုင်နေကြ ခြင်း၊ ရေလုပ်ငန်းတွင်လည်း သယံဇာတရှားပါးလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အရင်းအမြစ်များရှားပါးလာခြင်း၊ စာပေဖက်တွင်လည်း အသိပညာ၊ အတတ်ပညာအားနည်းခြင်းတို့ အပြင် လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်ခြင်း၊ ရရှိလာသည့် ပစ္စည်းများအား ဈေးကွက်မရှိခြင်းတို့ ကြောင့် ရောင်းဝယ်မှုတွင်အားနည်းခြင်းတို့ကြောင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**တော်ပွန်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ပွန်ကျေးရွာအုပ်စု၊ တော်ပွန်ကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၈) ခု၊ အဆင့် (၁၀) အဆင့်ဖြင့် အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။

ပင့်ကူအိမ်သုံးသပ်ချက်ကို အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုအနေဖြင့် သီးသန့်ခွဲခြားစဥ်းစားစေပြီး နှစ်ခုလုံးအားပြန်လည်ပေါင်းစပ်ကာ အမျိုးသား/သမီးများအား ပြန်လည်ရှင်းပြပေးခဲ့ပါသည်။ ၄င်းကဲ့သို့ စဥ်းစားချက်များအရ ပညာသင်ကြားခွင့်မှလွဲ၍ကျန်သည့်အကြောင်းအရာများမှာ အမျိုးသား/သမီးများ၏အခန်းကဏ္ဍမှာ ကွာဟချက်ကြီးမားနေသည်ကိုတွေ့ရှိရပါသည်။

ဘဝလုံခြုံမှုအပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဥ်ပါက နိမ့်ကျနေသည်ကို တွေ့ရသည်။ အကြောင်းမှာ သဘာဝဖြစ်တည်မှုအရ အမျိုးသမီးများသည်အမျိုးသားများထက် အားနည်းနေခြင်းကြောင့်ဖြစ်သည်ဟု ဆွေးနွေးချက်များအရ သိရှိရပါသည်။

အရင်းအမြစ်များကိုစီမံခန့်ခွဲအသုံးပြုမှုနှင့် ပညာသင်ကြားခွင့်အပိုင်းတွင် အမျိုးသား၊ အမျိုးသမီး ကွာဟချက်မကြီးမား သည်ကိုတွေ့ရသည်။

အိမ်မှုကိစ္စရပ်များတွင်မူ အမျိုးသမီးများက အမျိုးသားများထက် ဦးဆောင်နိုင်မှုတွင်သာလွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စလုပ်ငန်းများမှာ အမျိုးသားများထက်စာလျှင် အမျိုးသမီး၏အဓိကတာဝန်ရပ်တစ်ခုကဲ့သို့ အစဥ်အဆက်မှ လက်ခံထားပြီး ယခုအချိန်ထိ ကျင့်သုံးနေဆဲဖြစ်ခြင်းကြောင့် ဖြစ်သည်ဟုဆွေးနွေးချက်များအရ သိရှိရပါသည်။

ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသမီးများမှာ အမျိုးသားများထက်လျော့နည်းနေရခြင်းမှာ အိမ်မှုကိစ္စရပ်များတွင် တာဝန်ယူလုပ်ကိုင်နေရခြင်း၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရှိနေပါကလည်း လုပ်အားခအနေဖြင့် အမျိုးသားများနှင့် တန်းတူမရှိခြင်း စသည့်အချက်များကြောင့် ဖြစ်ကြောင်းသိရသည်။

ရပ်ရွာအရေးကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်တွင်လည်း အမျိုးသားများမှ သာလွန်သည်။ အကြောင်းမှာ အစဥ်အဆက်ကတည်းက ၄င်းကဏ္ဍတွင်အမျိုးသားများမှသာ ဦးဆောင်လုပ်ကိုင်နေကြသည်မှာ အစဥ်အလာတစ်ရပ်ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းအပိုင်းတွင်လည်း အခြေခံလက်လုပ်လက်စားလုပ်ငန်းများကိုသာ လုပ်ကိုင်နေကြသဖြင့် အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုမြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ခေါင်းဆောင်မှုအပိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးကွာဟချက်ကြီးမားသည်ကိုတွေ့ရသည်။ အမျိုးသမီးများမှာ အစဥ်အဆက်ကတည်းက အိမ်မှုကိစ္စရပ်များဖြင့်သာ အချိန်ကုန်နေရခြင်း၊ အမျိုးသား အများစုအား အိမ်ထောင်ဦးစီးများအဖြစ်သတ်မှတ်ထားခြင်းတို့ကြောင့် ခေါင်းဆောင်မှုအားလည်းအမျိုးသားများကိုသာ အားကိုးအားထားနေကြခြင်းကြောင့်ဖြစ်ကြောင်း ဆွေးနွေးကြပါသည်။

## ၆.၅ ရာသီခွင်ပြဇယား




**တော်ပွန်ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ပွန်ကျေးရွာအုပ်စု၊ တော်ပွန်ကျေးရွာ၏ ရာသီဥတု အခြေအနေမှာ တပေါင်းလနှင့် တန်ခူးလတွင် အလွန်ပူပြင်းခြင်း၊ ကဆုန်လလယ်ခန့်မှ တော်သလင်း လအထိမှာမိုးရာသီဖြစ်ပြီး နယုန်လမှ ဝါခေါင်လအထိ မိုးများကြောင်းသိရှိရပါသည်။


ပွဲတော်များအနေဖြင့် တန်ခူးလ၊ ကဆုန်လနှင့် ပြာသိုလများတွင်ရှိပြီး တန်ခူးလတွင်ကျေးရွာ ဘုရားပွဲအားကျင်းပပြီး ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်နှင့် ပြာသိုလတွင် ထမနဲထိုးပွဲတော်ရှိ ကြောင်းနှင့် ၎င်းလများတွင် ကျေးရွာမှလူများမှာ ပွဲတော်များတွင်ပါဝင်ဆင်နွှဲနေကြသဖြင့် မအားလပ် ကြောင်းသိရှိရပါသည်။

အဓိကစီးပွားရေးဖြစ်သည့် လယ်ယာလုပ်ငန်းအား ကဆုန်လတွင် စတင်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် ရိတ်သိမ်းသဖြင့် ၎င်းလများတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသည့်သူများမှာ ဝင်ငွေအရ အဆင်ပြေကြောင်းသိရှိရပါသည်။ ငါးဖမ်းလုပ်ငန်းမှာ တစ်နှစ်ပတ်လုံးနီးပါး လုပ်ကိုင်ကြပြီး နတ်တော်နှင့် ပြာသိုလများတွင် ငါးအရများ၍ ဝင်ငွေအဆင်ပြေသော်လည်း ဝါဆို/ဝါခေါင်လများတွင်မူ မိုးများသောကြောင့် ငါးအရနည်းပါးပြီး ဝင်ငွေအဆင်ပြေမှု နည်းပါးကြောင်းသိရှိရပါသည်။ ကျဘမ်း လုပ်ငန်းလုပ်ကိုင်ကြသူများမှာမူ ဝါဆို၊ ဝါခေါင်လမှလွဲ၍ ကျန်သည့် လများတွင် ပုံမှန်အလုပ် အကိုင်ရှိနေခြင်းကြောင့် ဝင်ငွေအသင့်အတင့် အဆင်ပြေမှုရှိကြောင်းသိရ ပါသည်။

ကျေးရွာအတွင်းတွင် ကြုံတွေ့ရသည့် အဖြစ်များသည့်ရောဂါမှာ ဝမ်းရောဂါဖြစ်ကြောင်း၊ အကြောင်းမှာ တပေါင်းနှင့် တန်ခူလများတွင် ရေရှားပါးသောကြောင့်လည်းကောင်း၊ ဝါဆို၊ ဝါခေါင်လ များတွင်မူ သောက်သုံးရေကန်များ ရေမြုပ်သဖြင့် ဖြစ်ကြောင်းသိရှိရပါသည်။ ထို့အပြင် ရေရှားပါးသည့် တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် ယားနာရောဂါများလည်း ဖြစ်ပွားတတ်သည်ကို သိရှိရပါသည်။

မိုးရာသီဖြစ်သည့် နယုန်လနှင့် ဝါဆိုလများတွင်မှု သွေးလွန်တုပ်ကွေးရောဂါပါ ဖြစ်ပွားခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ တန်ခူး၊ နယုန်၊ ဝါဆိုနှင့် ဝါခေါင်လများတွင်မှု အစာရေစာရှားပါး သည်ကို တွေ့ရပါသည်။

### ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု




**တော်ပွန်ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကျေးရွာအတွင်းရှိ အရင်းအမြစ်များကို ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုတွင် အမျိုးသား၊ အမျိုးသမီး ပိုင်ဆိုင်မှု ထိန်းချုပ်မှုမှာ မျှတလျက်ရှိသည်ကိုတွေ့ရှိရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဌ | ဦးအောင်ဆန်းကြည် | |
| | | | ဒေါ်ငွေးဝင်း | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးဝင်းဇော် | |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းမော် | |
| | | အဖွဲ့ဝင် | ဒေါ်မိုးလုံး | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးအောင်ပင်လယ် | |
| | | အဖွဲ့ဝင် | ဒေါ်နော်တင်အေး | |
| | | အဖွဲ့ဝင် | ဒေါ်မဘီ | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်မပု | |
| | | အဖွဲ့ဝင် | ဦးချစ်သန်း | |
| | | အဖွဲ့ဝင် | ဦးဝီး | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးဇော် | |
| | | အဖွဲ့ဝင် | ဒေါ်နော်ဖော | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးစောအောင်တင်ဝင်း | |
| ၇ | စေတနာ့ဝန်ထမ်း | | ဒေါ်တင်သန်း | |
| | စေတနာ့ဝန်ထမ်း | | ဦးတင်အောင် | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးယုလင်းခိုင် | 09961353985 | ဦးစောဘုန်းနောင် |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | တော်ပွန် | တော်ပွန် |

(က) လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) မွန် | 16 | ဘာသာ (၁) ဗုဒ္ဓ | 21 |
| လူမျိုးစု (၂) ကရင် | 5 | ဘာသာ (၂) | |
| လူမျိုးစု (၃) | | ဘာသာ (၃) | |
| လူမျိုးစုပေါင်း | | ဘာသာပေါင်း | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) မွန် | 50 | 46 |
| လူမျိုးစု (၂) ကရင် | 18 | 17 |
| လူမျိုးစု (၃) | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 20 | 1 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | ပေတီ | ✓ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ✓ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ✓ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၄ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၀မိနစ် ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန် ၁၅ မိနစ် ------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ----------

(၂) [illegible] ----------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးပုလင်းစိန်

လက်မှတ် [signature] နေ့စွဲ 16. 1. 2017

လူထုစည်းရုံးရေးမှူး အမည် ဦးစည်သူအောင်

လက်မှတ် [signature] နေ့စွဲ 16. 1. 2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးစည်သူနောင်

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | ရှ | မြို့နယ် | ရွာငံဆုံ | ကျေးရွာအုပ်စု | တော်ပွန် | ကျေးရွာ | တော်ပွန် |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15.1.2017 | 15.1.2017 | 5 | 13 | 18 | ရှ-16 \| ကချင်-2 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.1.2017 | 16.1.2017 | 7 | 12 | 19 | ရှ-14 \| ကချင်-5 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 19.1.2017 | 19.1.2017 | 16 | 13 | 29 | ရှ-12 \| ကချင်-17 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 16.2.2017 | 10.3.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 17.3.2017 | 17.3.2017 | 8 | 13 | 21 | ရှ-10 \| ကချင်-11 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် မှုဆိုင်ရာ စီမံချက် ရေးဆွဲခြင်း | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး[illegible] | | | |
| နေ့စွဲ 16.1.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု တော်ပွန် | ကျေးရွာ တော်ပွန် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းမကောင်း၍ သွားလာရေးခက်ခဲမှုရှိသည် | ၁ | လမ်းမကောင်း၍ သွားလာရေး ခက်ခဲမှုရှိသည်။ |
| ၂ | ကျန်းမာရေး ဖြစ်သောအခါ [illegible] | ၂ | ကျန်းမာရေး ဖြစ်သောအခါ [illegible] |
| ၃ | [illegible] | ၃ | [illegible] |
| ၄ | စိုက်ပျိုးရေး [illegible] | ၄ | စိုက်ပျိုးရေး [illegible] |
| ၅ | ကလေးများ အတွက် ပညာသင်ကြားရေး [illegible] | ၅ | ကလေးများ အတွက် ပညာသင်ကြားရေး [illegible] |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်စေချင် | ၁ | လမ်းကောင်းစေချင်သည်။ |
| ၂ | ကျန်းမာရေး စောင့်ရှောက်မှု [illegible] ကျေးရွာဖြစ်စေချင် | ၂ | ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သော ကျေးရွာဖြစ်ရမည်။ |
| ၃ | သောက်ရေသုံးရေ လုံလောက်သော ကျေးရွာဖြစ်စေချင် | ၃ | ရေလုံလောက်သော ကျေးရွာဖြစ်စေရမည်။ |
| ၄ | စိုက်ပျိုးရေး ကောင်းသော ကျေးရွာဖြစ်စေချင်သည်။ | ၄ | စိုက်ပျိုးရေးလုပ်ငန်းကောင်းသော ကျေးရွာဖြစ်စေချင်သည်။ |
| ၅ | စာသင်ကျောင်း ကောင်းမွန်သော ကျေးရွာဖြစ်စေချင်သည်။ | ၅ | စာသင်ကျောင်း ကောင်းမွန်စေသော ကျေးရွာဖြစ်စေချင်သည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မြေနီလမ်း ခင်းခြင်း | အမျိုးသား+အမျိုးသမီး | 24910000 | 151 |
| ၂ | စာသင်ကျောင်း ပြုပြင်ခြင်း | 〃 | 5000000 | 151 |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |




ထ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားရသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးသင်တန်း | အမျိုးသား+အမျိုးသမီး | |
| ၂ | မွေးမြူရေးသင်တန်း | " | |
| ၃ | ဆိုင်ကယ် ပြုပြင်ရေး သင်တန်း | အမျိုးသား | |
| ၄ | မှိုမွေးမြူရေးသင်တန်း | အမျိုးသား+အမျိုးသမီး | |
| ၅ | အပ်ချုပ်သင်တန်း | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးကျော်ဇော်မြင့် လက်မှတ် [signature] နေ့စွဲ 18.1.2017

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

...လုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီရယူ၍ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ ... ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် ... CF မှ ...လုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

...အမည် စနိုင်ဘော်အောင်

16. 1. 2017

စဉ် | မြို့နယ် ရောင်းရာ


ကော်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ပထမအကြိမ်(၁) ဒုတိယအကြိမ်(၂) တတိယအကြိမ်(၃) စတုတ္ထအကြိမ်(၄)

ကျေးရွာအုပ်စု တော်ပွန်

| ကျေးရွာ | ...ဆုံးဖြတ်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အကျိုးပြု တင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ခေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| တော်ပွန်+တော်ကလော | မြေကိုင်း... Culvert ... | 60'×10'×6'-7" +1140'×10'×7" +100'×5'×6'-7" +12'×5'×6' | 538 | ☐ ကျား ☐ မ ☑ ကျား+ မ | 27410000 | - | - | - | 27410000 |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | | | |

...ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

## ၁၃။ အစည်းအဝေးမှတ်တမ်းများ


ကျေးရွာအမည် - တော်ပွန်
ကျေးရွာအုပ်စု - တော်ပွန်
တက်ရောက်သူဦးရေ - ကျား-5၊ မ-18
ကျင်းပသည့်ရက်စွဲ - 15.1.2017
ကျင်းပသည့်နေရာ - တော်ပွန်ကျေးရွာ အ.မ.က ကျောင်း

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | လမ်းမကောင်းသဖြင့် သွားလာရေးခက်ခဲခြင်း |
| ၂ | ကျား/မ | ကျန်းမာရေးပြဿနာများဖြစ်ပေါ်လာပါက အခြေအဆောက်အဦနှင့် ကျန်းမာရေးဝန်ထမ်း မရှိခြင်းကြောင့် နှောင့်နှေးကြန့်ကြာမှုရှိခြင်း၊ ခက်ခဲခြင်း။ |
| ၃ | ကျား/မ | ရေအရင်းအမြစ်မလုံလောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း |
| ၄ | ကျား/မ | စီးပွားရေးအခက်အခဲကြောင့် ကလေးငယ်များ ပညာသင်ကြားခွင့်အားနည်းခြင်း |
| ၅ | ကျား/မ | ကလေးငယ်များပညာသင်ကြားရာတွင် သင်ထောက်ကူပစ္စည်းများလုံလောက်မှုမရှိခြင်း ကြောင့် ခက်ခဲခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | လမ်းပန်းဆက်သွယ်ရေးလွယ်ကူကောင်းမွန်ရမည်။ |
| ၂ | ကျား/မ | ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်သည့်ရွာဖြစ်ရမည်။ |
| ၃ | ကျား/မ | သောက်သုံးရေလုံလောက်မှုရှိသောရွာဖြစ်ရမည်။ |
| ၄ | ကျား/မ | စီးပွားရေးကောင်းမွန်သောရွာဖြစ်ရမည်။ |
| ၅ | ကျား/မ | သင်ထောက်ကူပစ္စည်းများပြည့်စုံလုံလောက်သော စာသင်ကျောင်းဖြစ်ရမည်။ |

### ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက်ရှိနေသော အသက်မွေးဝမ်းကြောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စိုက်ပျိုးရေးသင်တန်း | ကျား/မ | | |
| | ၂ | မွေးမြူရေးသင်တန်း | ကျား/မ | | |
| | ၃ | ဆိုင်ကယ်ပြုပြင်ရေးသင်တန်း | ကျား | | |
| | ၄ | မှိုမွေးမြူရေးသင်တန်း | ကျား/မ | | |
| | ၅ | စက်ချုပ်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကြောင်း သင်တန်းများ ရရှိပြီး ပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။